# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်ကွန်ပျူတာတက္ကသိုလ်

၁။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့်ကိုက်ညီပါက ရာထူးတိုးမြှင့်/ပြောင်းရွှေ့ လျှောက်ထားနိုင်ပါသည် -

(က) ကွန်ပျူတာဆိုင်ရာဘာသာရပ်များ/IT ဘာသာရပ်များ/တွက်ချက်ရေးသင်္ချာ/ရူပဗေဒ/အင်္ဂလိပ်စာ/မြန်မာစာ ဘာသာရပ်များတွင် ပါရဂူဘွဲ့ (သို့မဟုတ်) မဟာဘွဲ့ရရှိထားသူ

(ခ) အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် သင်ကြားရေးတာဝန် ထမ်းဆောင်နေသူ

(ဂ) အဆင့်မြင့်ပညာဦးစီးဌာနက သတ်မှတ်ထားသော တက္ကသိုလ်၊ ဒီဂရီကောလိပ်အလိုက် အနည်းဆုံးတာဝန်ထမ်းဆောင်ရမည့် အသားတင်ကာလပြည့်မီသူ

(ဃ) သက်ဆိုင်ရာတက္ကသိုလ်အကြီးအကဲ၏ ခွင့်ပြုချက်ရရှိသူ

(င) သင်ကြားရေးနှင့်သုတေသနလုပ်ငန်းများကို စိတ်ဝင်စားစွာ အချိန်နှင့်တပြေးညီ ကြိုးစားဆောင်ရွက်နိုင်သူ

## ၂။ ရာထူးတိုးအတွက် လိုအပ်သော အရည်အချင်းသတ်မှတ်ချက်

| စဉ် | တိုးမြှင့်မည့်ရာထူးအမည် နှင့် လစာနှုန်းကျပ် | လိုအပ်သော အရည်အချင်းသတ်မှတ်ချက် |
|---|---|---|
| ၁ | ပါမောက္ခ<br>(၃၇၄၀၀၀-၄၀၀၀-၃၉၄၀၀၀) | (က) ပါရဂူဘွဲ့ရရှိပြီး 1st Author (၂)စောင် ထုတ်ဝေထားသူ<br>(ခ) တွဲဖက်ပါမောက္ခရာထူး အသားတင်လုပ်သက် (၁)နှစ်ပြည့်သူ<br>(ဂ) ပြစ်ဒဏ်ကာလအတွင်း မဟုတ်သူ |
| ၂ | တွဲဖက်ပါမောက္ခ<br>(၃၄၁၀၀၀-၄၀၀၀-၃၆၁၀၀၀) | (က) ပါရဂူဘွဲ့ရရှိပြီးသူ (သို့မဟုတ်) မဟာဘွဲ့ရရှိပြီး 1st Author (၂)စောင် (သို့မဟုတ်) 1st Author (၁)စောင် + Co Author (၁)စောင် စုစုပေါင်းသုတေသနစာတမ်း (၂)စောင်ထုတ်ဝေထားသူ<br>(ခ) ကထိကရာထူးတွင် အသားတင်လုပ်သက် (၃)နှစ်ပြည့်သူ<br>(ဂ) ပြစ်ဒဏ်ကာလအတွင်း မဟုတ်သူ |
| ၃ | ကထိက<br>(၃၀၈၀၀၀-၄၀၀၀-၃၂၈၀၀၀) | (က) အနည်းဆုံးမဟာဘွဲ့ရရှိပြီးသူ<br>(ခ) လက်ထောက်ကထိကရာထူးတွင်အသားတင်လုပ်သက်(၃)နှစ်ပြည့်သူ<br>(ဂ) ပြစ်ဒဏ်ကာလအတွင်း မဟုတ်သူ |
| ၄ | လက်ထောက်ကထိက<br>(၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀) | (က) အနည်းဆုံးမဟာဘွဲ့ရရှိပြီးသူ<br>(ခ) နည်းပြ/သရုပ်ပြရာထူးတွင် အသားတင်လုပ်သက် (၃)နှစ်ပြည့်သူ<br>(ဂ) ပြစ်ဒဏ်ကာလအတွင်းမဟုတ်သူ |

**မှတ်ချက်။ ရာထူးအားလုံးအတွက် လုပ်သက်ကာလအား (၃၁-၁၂-၂၀၂၀ )ရက်နေ့ထိ သတ်မှတ်သည်။**

၃။ အချက်အလက်ပြည့်စုံသူများအား အွန်လိုင်းဖြင့် လူတွေ့စစ်ဆေးမည်။

၄။ အဆိုပြုလျှောက်ထားသူများသည် အောက်ပါ **အထောက်အထားနှင့်စာရွက်စာတမ်းများ**ကို ပါမောက္ခ/ဌာနမှူး နှင့် ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးတို့က အတည်ပြုလက်မှတ်ရေးထိုးပြီး ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများမှတဆင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်ထံ လိပ်မူ၍ **admin.staff@ucsy.edu.mm** သို့ **(၁၂-၁၀-၂၀၂၀**) ရက်နေ့ နောက်ဆုံးထား ပူးတွဲပေးပို့နိုင်ပါသည်-

(က) ရာထူးတိုးမြှင့်ခန့်ထားရန်အဆိုပြုလွှာ (သို့မဟုတ်) ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့် လျှောက်ထားသူများ ဖြည့်စွက်ရန်ပုံစံများ နှင့် အထောက်အထားများ
(လျှောက်လွှာများကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ဝက်ဆိုဒ် (https://www.ucsy.edu.mm) တွင် ရယူနိုင်ပါသည်။)

(ခ) ဘွဲ့လက်မှတ်မိတ္တူများ

(ဂ) ရေးသားထုတ်ဝေခဲ့သည့် သုတေသနစာစောင် အထောက်အထားများ

(ဃ) သင်ကြားရေးတွင်လုပ်ဆောင်ခဲ့မှုများ

(င) လုပ်သက်အတွက်အမှတ်တွက်ပုံ (**၃၁-၁၂-၂၀၂၀ ထိ တွက်ချက်ရန်**)

(စ) ဝဖ အကဲဖြတ်မှတ်တမ်း

(ဆ) ရာထူးတိုးရန်အဆိုပြုတင်ပြထားသူတစ်ဦးချင်းအတွက်သက်ဆိုင်ရာပါမောက္ခ/ဌာနမှူးနှင့် ပါမောက္ခချုပ် / ကျောင်းအုပ်ကြီးတို့က စိစစ်ချက်ပုံစံ

(ဇ) အပြောင်းလျှောက်ထားသူများအတွက် လက်ရှိတက္ကသိုလ်/ကောလိပ်တွင် လုပ်သက်ခွင့်၊ ဆေးခွင့်၊ လစာမဲ့ခွင့် ခံစားမှုမှတ်တမ်း (စီမံအရာထမ်းနှင့် သက်ဆိုင်ရာ ပါမောက္ခချုပ်/ ကျောင်းအုပ်ကြီး လက်မှတ် ရေးထိုးလျက်)

၅။ အသေးစိတ်သိရှိလိုပါက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ စီမံခန့်ခွဲရေးဌာန (ဖုန်း- ၀၉ ၄၄၃ ၄၄၀ ၄၇၅) သို့ ရုံးချိန်အတွင်း တိုက်ရိုက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မှတ်ချက် -

(က) သီးခြားတက္ကသိုလ်တစ်ခုထက် ပိုမိုလျှောက်ထားပါက ဦးစားပေးရွေးချယ်လိုသော ဆန္ဒပြုဇယားကို လျှောက်လွှာတိုင်းတွင် တူညီစွာဖြည့်စွက်ရမည်။ ကိုက်ညီမှုမရှိသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

(ခ) ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ လုပ်ငန်းလိုအပ်ချက်ကို ဦးစားပေးစဉ်းစားမည် ဖြစ်ပါသည်။